# စကစတပ်များ၏ လူသတ်၊ လူနေအိမ်မီးရှို့မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန် ကြေညာချက်

၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၄) ရက်

Hriamhrei rinsan in thuneihnak cu dik lo zetih la ta hrat in rampumhuap ih mipi le sakhuanak hruaitu pawl nitin in dik lo zetih kai le that tahrat in, raldaan pawl a pahbaltu, SAC ralkap pawl cun Chin ramkulh, Tuphei khua ih sualmawhnak nei lo mi pahnih cu lainatnak tel lo zetin mizansun ah an that zo a si.

အာဏာကို လက်နက်အားကိုးဖြင့် မတရားရယူထားပြီး ပြည်ထောင်စုတဝှမ်းလုံးရှိ ရဟန်းရှင်လူပုဂ္ဂိုလ်များကို နေ့စဉ်နှင့်အမျှ အဓမ္မဖမ်းဆီးသတ်ဖြတ်ကာ စစ်ရာဇဝတ်မှု ကျူးလွန်နေသော စကစတပ်များသည် ချင်းပြည်နယ်ဖလမ်းမြို့နယ်၊ သူဖေကျေးရွာရှိ အပြစ်မဲ့ ရွာသားနှစ်ဦးကို လူမဆန်စွာ ယမန်နေ့က ပစ်သတ်ခဲ့ပါသည်။

Duhduh ih cangvai SAC ralkap pawl cun an ṭhumawknak lamzin tluan khua pawl ih ummi mipi pawl cu meithal puah ta hrat in an hro ih hlei ah, innzuat sumhnam pawl le an thlennak khua pawl ih thilri an duhduh in laksak thu kan thei.

ရမ်းကားသော စကစတပ်သားများသည် ၎င်းတို့ခြေချရာလမ်းတလျှောက် ကျေးရွာများရှိ ပြည်သူများကို သေနတ်ပစ်ဖောက် ခြိမ်းခြောက်ခြင်း၊ အိမ်မွေးတိရစ္ဆာန် များ၊ လူအသုံးအဆောင်ပစ္စည်းများကို လုယက်ခြင်းစသည်တို့ကို ကျူးလွန်ခဲ့ကြောင်း သိရသည်။

Mizansun le tuini ah Falam Peng, Rialti khua ih biakinn tel in khua pumpi le Tlairawn khua ih inn 12 rori mei in an urkang sak a si.

ယမန်နေ့နှင့် ယနေ့တွင် ဖလမ်းမြို့နယ်၊ ရိလ်သီးကျေးရွာရှိ ဘုရားကျောင်းအပါအဝင် ရွာလုံးကျွတ်နှင့် တလန်ရောန်ကျေးရွာရှိ လူနေအိမ် (၁၂) လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။

Hivek ih milai sinak daan pahbal tahrat in Raldaan leng tiang a cangvaitu ralhrang SAC ralkap pawl hi Chin National Organization/Chin National Defense Force (CNO/CNDF) cun kan thungrul sal ding a si.

ဤကဲ့သို့ လူမဆန်သောလုပ်ရပ်များ၊ စစ်ရာဇဝတ်ကို ကျူးလွန်သော စကစတပ်များကို ချင်းအမျိုးသားအဖွဲ့ချုပ်/ချင်းအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (CNO/CNDF) အနေဖြင့် လက်တုန့်ပြန်တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

သတင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာန
ချင်းအမျိုးသားအဖွဲ့ချုပ်